EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR

132 SATHON NUEA ROAD, BANGKOK 10500, THAILAND

Tel:(662) 233 2237, 233 7250, 234 4698, 237 7744, Fax:(662) 236 6896

# သတိပေးတိုက်တွန်းနှိုးဆော်ချက်

ထိုင်းနိုင်ငံအတွင်း လတ်တလော ဖြစ်ပွားလျက်ရှိသော ပြည်တွင်းနိုင်ငံရေး အခြေအနေများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံသို့အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သူ/သားများအနေဖြင့် ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ကောင်းမွန်မှု အခြေအနေများကို ထိန်းသိမ်းနိုင်ရေးအတွက်လည်းကောင်း၊ မိမိတို့၏ လုံခြုံရေးအတွက်လည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး ပျက်ပြားစေမည့် အပြုအမူများကို ရှောင်ရှား နိုင်ကြရန်အတွက်၊ အထူးသဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့၌ ဗန်ကောက်မြို့ လမ်းများတွင် အသွားအလာရပ်ဆိုင်းသွားအောင် ဗန်ကောက်မြို့တစ်မြို့လုံးကို ပိတ်ဆို့ဆန္ဒပြခြင်း ပြုလုပ်ကြမည့် Bangkok Shutdown ဆန္ဒပြ လှုပ်ရှားမှုများတွင်လည်းကောင်း၊ အဆိုပါနေ့ရက်မတိုင်မီ ရှေ့ပြေးပြုလုပ်ကြမည့် နိုင်ငံရေးနှင့် ပတ်သက်သည့် လူစုလူဝေးပြုလုပ်ခြင်းများ၊ ဆန္ဒပြမှုများနှင့် လူစုရုံး ချီတက်ခြင်းများ စသည်တို့တွင်လည်းကောင်း ပါဝင်ပတ်သက်ခြင်း မပြုလုပ်ကြပါရန်၊ အဆိုပါနေရာ ဒေသ များကိုလည်း ရှောင်ရှားကြပြီး၊ မိမိတို့၏လုံခြုံရေးကိုလည်း အထူးဂရုစိုက်ကြပါရန်နှင့် ဆန္ဒပြလူစုလူဝေးပြုလုပ်သည့် နေရာဒေသများကို သိရှိနိုင်ရေးအတွက်လည်း ဒေသဆိုင်ရာ သတင်း မီဒီယာများအား မပြတ်လေ့လာကြပါရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သူ/သားများ အကျိုးငှာ အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာသံရုံး၊ ဗန်ကောက်မြို့။

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၆ ရက်